EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၅၃

မေ ၂၅ ရက်၊ ၂၀၁၈

## ရခိုင်စီမံဘဏ္ဍာဝန်ကြီးကို စွပ်စွဲပြစ်တင်ရန် စစ်ဆေးမှုများ မေ ၂၀ ရက် နောက်ပိုင်းစတင်မည်

**မေ ၁၉၊ ၂၀၁၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းကို စွပ်စွဲပြစ်တင်ရန် တင်ပြထားမှုကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းတာဝန်ပေးထားသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့က မေ ၂၀ ရက် နောက်ပိုင်းတွင် စစ်ဆေးမှုများစတင်မည်ဖြစ်ကြောင်း ယင်းအဖွဲ့ခေါင်းဆောင် ဦးနိုင်ကြွေအေးက ပြောသည်။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရေးနှစ်အလိုက် ပြည်နယ်၏ခွင့်ပြု ရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် မြို့နယ်အလိုက်ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် များစွာထိခိုက်ဆုံးရှုံးမှုများရှိနေသဖြင့် ရာထူးမှ ရပ်စဲနိုင်ရေးဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက မတ်လ ၁၄ ရက်၌ စွပ်စွဲပြစ်တင်ခဲ့သည်။




ယင်းစွပ်စွဲပြစ်တင်မှုများကို စုံစမ်းစစ်ဆေးရန် ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက အဖွဲ့ဝင် ငါး ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို မေ ၉ ရက်တွင် ဖွဲ့စည်းခဲ့ ပြီး သံတွဲမဲဆန္ဒနယ်အမှတ်(၂) ဒီချုပ်အမတ် ဦးနိုင်ကြွေအေးကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးထားသည်။

ယခုကဲ့သို့ ပြည်နယ်ဝန်ကြီးတစ်ဦးကို စွပ်စွဲပြစ်တင်မှုသည် ရခိုင်ပြည်နယ်တွင် ဒုတိယအကြိမ် ဖြစ်သည်။

ဝန်ကြီးဦးကျော်အေးသိန်းသည် လွှတ်တော်ကိုယ်စားလှယ်မဟုတ်ဘဲ ပြင်ပပညာရှင်အနေဖြင့် တာဝန်ပေးအပ်ခံထားရသူဖြစ်သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် စွပ်စွဲပြစ်တင်ချက်ပါအချက်အလက်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီး မေလ ၃၀ ရက်တွင် လွှတ် တော်သို့ ပြန်လည်အစီရင်ခံတင်ပြရမည်ဖြစ် ကြောင်း ယင်းအဖွဲ့ဖွဲ့စည်းသည့် အမိန့်စာ၌ ဖော်ပြထားသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် စည်ပင်သာယာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးမင်းအောင်ကို လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးက စွပ်စွဲပြစ်တင်သဖြင့် နိုင်ငံတော်သမ္မတက ဇန်နဝါရီ ၁၈ ရက်တွင် တာဝန်မှရပ်စဲခဲ့သည်။

(ကိုးကား:- www.7daydaily.com)

## မကွေးတိုင်း လစ်လပ်ဝန်ကြီးနှစ်ဦး အစားထိုးခန့်အပ်

**မေ ၆၊ ၂၀၁၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်း လစ်လပ်ဝန်ကြီးနှစ်နေရာအတွက် ဦးမြင့်ဆွေနှင့် ဦးဝင်းမော်ဌေးဆိုသူတို့ကို ခန့်အပ်ရန် ယနေ့ပြုလုပ်သော တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးမှ အတည်ပြုလိုက်ပြီဖြစ်ကြောင်း မကွေးတိုင်းဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။

တိုင်းလွှတ်တော်မှ အတည်ပြုလိုက်သည့် ခရိုင်ပညာရေးမှူး(ငြိမ်း) ဦးမြင့်ဆွေသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးအဖြစ်လည်းကောင်း၊ အင်ဂျင်နီယာတစ်ဦးဖြစ်သူ ဦးဝင်းမော်ဌေးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်အနေဖြင့် မူလအဆိုပြုထားသူနှစ်ဦးထဲမှ ဦးမြင့်ဆွေတစ်ဦးကိုသာ မေ ၅ ရက်နေ့က တိုင်းလွှတ်တော်အစည်းအဝေးတွင် အတည်ပြုစေခဲ့ပြီး ကျန်တစ်ဦးအား ပြန်လည်စိစစ်ရန် ဆိုင်းငံ့ခဲ့ကာ ယနေ့ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင်မှ ဆိုင်းငံ့ခဲ့သူနေရာ၌ ဦးဝင်းမော်ဌေးအား အစားထိုး၍ အဆိုပြုတင်ပြကာ အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ယခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့ကတည်းက လစ်လပ်ခဲ့သည့် ဝန်ကြီးနှစ်နေရာအတွက် အစားထိုးခန့်အပ် ရန် ဝန်ကြီးချုပ်မှ ပထမဆုံးအကြိမ် လုပုဂ္ဂိုလ်နှစ်ဦးအား အဆိုပြုတင်ပြခဲ့ရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်အချို့မှ ကန့်ကွက်ဆွေးနွေးရန် တင်ပြမှုများရှိခဲ့သဖြင့် အဆိုပြုထားမှုကို ပြန်လည်ရုပ်သိမ်းခဲ့ရသည်။ (ကိုးကား:-burma.irrawaddy.com)

# ရခိုင်ပြည်နယ်အစိုးရ ဘတ်ဂျက် ၆ ဘီလီယံကျော် ပြည်နယ်လွှတ်တော် ဖြတ်တောက်

**ဧပြီ ၉ ၊ ၂၀၁၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ရန် စီမံကိန်းရေးဆွဲထားသည့် ဈေး ၅ ဈေး အပါအဝင် ဘဏ္ဍာငွေအသုံးစာရင်းအပေါ် ပြည်နယ်လွှတ်တော်က ငြင်းပယ်ခြင်း၊ လျှော့ချခြင်းများပြုလုပ်ကာ ၆ ဘီလီယံကျော် (သန်းပေါင်း ၆၁၆၂ ဒသမ ၀၅၇ ) ဖြတ်တောက်လိုက်သည်။

ဧပြီလ ၆ ရက်နေ့ပြုလုပ်သည့် ဒုတိယအကြိမ်မြောက် ရခိုင်ပြည်နယ် လွှတ်တော်သတ္တမပုံမှန်အစည်းအဝေးတွင် ယင်းသို့ အစိုးရအဖွဲ့၏ တင်ပြထားသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ရခိုင်ပြည်နယ် ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေငွေစာရင်းအပေါ် စိစစ်ပြီး ယင်းသို့ လုပ်ငန်းအသုံးပြုမည့်ငွေများကို ငြင်းပယ်ခြင်း၊ လျှော့ချခြင်းများကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

လွှတ်တော်က ငြင်းပယ်၊ လျှော့ချလိုက်သည့် လုပ်ငန်းများမှာ သုံးထပ်ဈေးကြီး ၅ ဈေး တည်ဆောက်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ လမ်းဦးစီးဌာနမှ လမ်းဖောက်လုပ်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အတွက် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ပတ်သက်ပြီး အစိုးရအဖွဲ့၏ တင်သွင်းခြင်းအပေါ် ငွေစာရင်းစိစစ်ကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၅ ဦးက ၎င်းလုပ်ငန်းများအား လျှော့ချခြင်း၊ ငြင်းပယ်ခြင်းများပြုလုပ်ရန် တင်ပြခဲ့ကြသည်။

ထို့ပြင် ရခိုင်ပြည်နယ်တွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူမပြုနိုင်သည့် လုပ်ငန်းများအစား ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်နယ်သူ၊ သားများ၏ နေထိုင်မှုဘဝအဆင့် မြင့်မားစေရေး ဖော်ဆောင်နိုင်သော လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက် သင့်ကြောင်း ပြည် နယ်လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအစီရင်ခံစာ၌ ဖော်ပြထားသည်။

ယင်းသို့ ပြည်နယ်လွှတ်တော်က ဘတ်ဂျက်အပေါ် ငြင်းပယ်ခြင်း၊ ဖြတ်တောက်ခြင်းကို သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ်မှ ဒေသခံအချို့က မကျေနပ်မှုများရှိနေသည်။

**(ကိုးကား:- burma.irrawaddy.com/ 7daydaily.com)**



မွန်ပြည်နယ် လွှတ်တော် ဒု-ဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး

# မွန်ပြည်နယ်ဝန်ကြီးချုပ်ကို လွှတ်တော်ဒုဥက္ကဋ္ဌ ဝေဖန်

**ဧပြီ ၁၁ ၊ ၂၀၁၈**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံဦးဆောင်နေသည့် ပြည်နယ်စီမံကိန်းကော်မရှင်သည် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း မွန်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ဝေဖန်ပြောဆိုသည်။

"ဒီကော်မရှင်က အသံတိတ်နေတဲ့ ပုံစံမျိုးဖြစ်နေတယ်၊ ပေးထားတဲ့ လုပ်ပိုင်ခွင့်တွေပေါ်မှာ အမှန်တကယ်ပဲ လုပ်နေသလားဆိုတာကို မသိရဘူးဖြစ်နေတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါ ကော်မရှင်သည် ပြည်နယ်အတွင်း ပတ်ဝန်းကျင်ထိခိုက်မှုရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သဘောထားမှတ်ချက်ထုတ်ပြန်ပြီး လွှတ်တော်သို့ ပေးပို့ရမည်ဖြစ်သော်လည်း ပေးပို့လာခြင်းမရှိကြောင်း ဒေါက်တာအောင်နိုင်ဦးက ပြောဆိုသည်။

မွန်ပြည်နယ်၊ ရေးမြို့နယ် အံ့ဒင်ကျေးရွာအုပ်စု ပင်လယ်ကမ်းခြေတွင် ဆောင်ရွက်မည့် ကမ်းလွန်ထောက်ပံ့ရေးစခန်းနှင့် ကျိုက်မရောမြို့နယ်၊ နိတုံကျေးရွာအုပ်စုအနီး Myanmar - Korea Cement Co.Ltd မှ ဘိလပ်မြေစက်ရုံ တည်ဆောက်မည့် စီမံကိန်းများကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)မှ ခွင့်ပြုလိုက်သည့်အခြေအနေကို ကွင်းဆင်းဆောင်ရွက်ခြင်း မရှိသည့်အပြင် သဘောထားမှတ်ချက်လည်း ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း ၎င်းက ပြောသည်။

အဆိုပါ ကော်မရှင်သည် ပြည်နယ် ဒေသန္တရ စီမံကိန်းများကို နိုင်ငံတော်၏ မူနှင့် ကိုက်ညီခြင်း ရှိမရှိစိစစ် အတည်ပြုခြင်း၊ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမည့် စီမံကိန်းများအတွက် သဘောထားမှတ်ချက်ပေးခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အထောက်အကူမပြုသည့် လုပ်ငန်းစီမံကိန်းများကို ပယ်ချခြင်း၊ သဘောတူပြီးသည့် လုပ်ငန်းစီမံကိန်းကို အစိုးရအဖွဲ့မှတဆင့် လွှတ်တော်ပေးပို့ခြင်း အပါအဝင် လုပ်ငန်းတာဝန်(၇)ချက်ကို အကောင်အထည်ဖော်ရမည် ဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး မွန်ပြည်နယ် ဘဏ္ဍာရေး၊ စီမံကိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က ကော်မရှင်ညှိနှိုင်းအစည်းအဝေးတွင် ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း ပြောဆိုသည်။

ပြည်နယ်စီမံကိန်းကော်မရှင်ကို အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌအဖြစ် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက တာဝန်ယူဆောင်ရွက်နေသည့် ကော်မရှင်လည်း ဖြစ်သည်။

**(ကိုးကား-ဟသ်ာမီဒီယာ)**

# မန္တလေးတိုင်းအတွင်း ဥပဒေမဲ့ဆေးကုနေသူများကို အရေးယူပေးရေးအဆို ရှုံးနိမ့်

**ဧပြီ ၃၊ ၂၀၁၈**

မန္တလေးတိုင်းအတွင်း ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသနေသူများကို တိုင်းအစိုးရကကြီးကြပ်၍ အရေးယူပေးရန် တိုက်တွန်းကြောင်းအဆိုကို တိုင်းလွှတ်တော်၌ ဧပြီ ၃ ရက်နေ့က မဲခွဲဆုံးဖြတ်ရာ တစ်မဲအကွာဖြင့် အဆိုရှုံးနိမ့်သွားခဲ့သည်။

ယင်းအဆိုကို ဒုတိယအကြိမ်မြောက် မန္တလေးတိုင်း လွှတ်တော်အစည်းအဝေးတွင် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညီမင်းဟန် (အောင်မြေသာစံ-၁)က တင်သွင်းခဲ့ခြင်း ဖြစ်သည်။

ထိုအဆိုနှင့်ပတ်သက်၍ မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လက်ရှိတွင်လည်း အရေးယူမှုများ ပြုလုပ်နေသည့်အတွက် ထိုအဆိုကို မှတ်တမ်းတင်ထားရှိရန် ဆွေးနွေးခဲ့သော်လည်း အဆိုရှင်က လက်မခံသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၂၆ မဲ၊ ကန့်ကွက်မဲ ၂၇ မဲ၊ ကြားနေမဲ ရှစ်မဲဖြင့် အဆိုရှုံးနိမ့်ခဲ့သည်။

"အဆိုရှုံးနိမ့်တာက ဘာမှမဖြစ်ဘူး။ တစ်ခုပဲ စိုးရိမ်ရတာ လွှတ်တော်မှာ အဆိုတင်တာတောင် မအောင်မြင်တာ။ မင်းတို့ဘာလုပ်လို့ရမှာလဲဆိုတာမျိုး ရမ်းကုလုပ်စားနေတဲ့သူတွေ တွေးထင်သွားမှာကိုတော့ စိုးရိမ်ပါတယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အဆိုရှင် ဒေါက်တာညီမင်းဟန်က ပြောကြားသည်။

ယင်းအပြင် တိုင်းလွှတ်တော်ကိုယ်စားလှယ်သုံးဦးမှ ဒေါက်တာရမ်းကုများကြောင့် နစ်နာဆုံးရှုံးရမှုများ၊ ပိုမိုဆိုးရွားသွားသည့်ရောဂါအခြေအနေများ၊ ဥပဒေကြောင်းအရ အရေးယူ၍ရနိုင်သည့်နည်းလမ်းများ၊ အရေးယူမှုမရှိသည့် အခြေအနေများနှင့် ပြည်သူလူထု၏ ကျန်းမာရေးအသိ အားနည်းမှုများကို ထောက်ပြဆွေးနွေးခဲ့ကြသည်။

အဆိုရှုံးနိမ့်ခဲ့ခြင်းအပေါ် ကိုယ်စားလှယ်အချို့က မန္တလေးတိုင်းလွှတ်တော်တွင် အဆိုများကိုမဲခွဲရာ၌ ဝန်ကြီးချုပ်၏ အရှိန်အဝါ လွှမ်းမိုးနေကြောင်း ထောက်ပြခဲ့ကြသည်။

"ဝန်ကြီးချုပ် ဖြေတဲ့အထဲမှာ ဒီအဆိုကို သဘောမတူတဲ့သဘောပါတယ်။ အဲဒီမှာ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း မပြတ်သားဘူး။ ဘာဖြစ်လို့ ကန့်ကွက်လဲဆိုတာက တော့ ကျွန်တော် တည့်တည့်ပြောရရင် ဝန်ကြီးချုပ်က လွှမ်းမိုးထားတယ်။ ဝန်ကြီးချုပ်ကို မလွန်ဆန်နိုင်ဘူး ဖြစ်နေတယ်"ဟု အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကျော်ဦးက ပြောဆိုသည်။

**(ကိုးကား:- thevoicemyanmar.com )**

## သတင်းဓာတ်ပုံ




**ဧပြီ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး အင်းမြေဂရန် လေလံတင်ရောင်းချရေးနှင့် ရေချိုငါးလုပ်ငန်းဥပဒေဆိုင်ရာ အချက်အလက်များ ညှိနှိုင်းဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်း စိုက်/မွေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းပြုလုပ်စဉ်။**

**(ကိုးကား:- Bago Region Hluttaw Facebook)**

## သတင်းတို

- ရခိုင်ပြည်နယ်လွှတ်တော်က ဖွဲ့စည်းထားသည့် မြောက်ဦးပဋိပက္ခဖြစ်စဉ်စုံစမ်းလေ့လာရေးအဖွဲ့သည် ၇၅ ရာခိုင်နှုန်းခန့် လုပ်ငန်းဆောင်ရွက်ပြီးကြောင်း ယင်းအဖွဲ့အတွင်းရေးမှူးဦးထွန်းသာစိန်က ပြောသည်။ စုံစမ်းလေ့လာရေးအဖွဲ့သည် သေဆုံးခဲ့သူများနှင့် ဖမ်းဆီးခံရသူများ၏ မိသားစုဝင်များနှင့် ဆန္ဒပြရာလမ်းတစ်လျှောက်တွင် မျက်မြင်တွေ့ခဲ့သူများကို တွေ့ဆုံမေးမြန်းထားသည်ဟု ဆိုသည်။

**(ကိုးကား:- www.7daydaily.com)**

- ဧပြီလ ၃ ရက်နေ့က ကျင်းပသည့် ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေး၌ ရခိုင်ပြည်နယ် မောင်တောမြို့နယ်တောင်ပိုင်းတွင် နိုင်ငံသားမဟုတ်သည့် ဘင်္ဂါလီများအား ပြန်လည်နေရာချထားခြင်းမပြုရန် အရေးကြီးအဆိုကို ဆွေးနွေးထောက်ခံခဲ့ကြပြီး ကန့်ကွက်သူမရှိ ပြည်နယ်လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံ/ဘဏ္ဍာဝန်ကြီး ဦးကျော်အေးသိန်းက သက်ဆိုင်ရာ ပြည်နယ်အစိုးရ၏ သဘောထားကို လွှတ်တော်တင်ပြခဲ့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များမှာ ပြည်သူများ၏ဆန္ဒဖြစ်သဖြင့် ကန့်ကွက်စရာမရှိပါကြောင်း၊ သို့သော်လည်း ဘင်္ဂါလီအရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ကြရာတွင် UN နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ဖိအားများ ရှိနေသည့်အတွက် အစိုးရအဖွဲ့၏ အခက်အခဲများကိုလည်း နားလည်ပေးစေလိုကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

**(ကိုးကား:- burma.irrawaddy.com)**